# ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်

# နိုင်ငံတော်ကောင်စီ

# ကျပ်တစ်ရာတန်ငွေစက္ကူ၊ ကျပ်ငါးဆယ်တန်ငွေစက္ကူနှင့်ကျပ်နှစ်ဆယ်တန်ငွေစက္ကူများကိုတရားဝင်ငွေအဖြစ်မှ ရုပ်စဲသည့်ဥပဒေ

**(၁၉၈၅ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၁၄)**

**ရန်ကုန်မြို့၊ ၁၃၄၇ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်**

**(၁၉၈၅ ခုနှစ်၊ နိုဝင်ဘာလ ၇ရက်)**

**[ ပြင်ဆင် : 15.11.1985, 29.11.1985 ]**

အောက်ဖော်ပြပါဥပဒေကိုထုတ်ပြန်ကြေငြာသည်။

ပြည်သူ့လွှတ်တော်သည်အောက်ပါဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ကျပ်တစ်ရာတန်ငွေစက္ကူ၊ ကျပ်ငါးဆယ်တန်ငွေစက္ကူနှင့်ကျပ်နှစ်ဆယ်တန်ငွေစက္ကူများကိုတရားဝင်ငွေအဖြစ်မှ ရုပ်စဲသည့်ဥပဒေဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်းအဓိပ္ပာယ်သက်ရောက် စေရမည်-

(က) **အဖွဲ့အစည်း**ဆိုသည်မှာ နိုင်ငံတော်၏အဖွဲ့အစည်းများ၊ သမဝါယမအဖွဲ့အစည်းများ၊ ကုမ္ပဏီ လီမိတက်များ၊ နိုင်ငံတော်ကမှတ်ပုံတင်ဖြင့်ခွင့်ပြုထားသော အသင်းအဖွဲ့များ၊ ဘာသာရေးအဖွဲ့အစည်း များ၊ လူမှုရေးအဖွဲ့အစည်းများ၊ သံတမန်အဖွဲ့အစည်းများ၊ ကုလသမဂ္ဂဆိုင်ရာ အဖွဲ့အစည်းများ စသည် တို့ကို ဆိုသည်၊

(ခ) **ဘဏ်**ဆိုသည်မှာ မြန်မာ့စီးပွားရေးဘဏ်ခွဲ သို့မဟုတ် မြို့နယ်ဘဏ်ခွဲသို့မဟုတ် ဘဏ်ငွေတိုက်ခွဲကို ဆိုသည်။

## အခန်း(၂)

## ကျပ်တစ်ရာငွေစက္ကူ၊ ကျပ်ငါးဆယ်တန်ငွေစက္ကူနှင့် ကျပ်နှစ်ဆယ်တန်ငွေစက္ကူများကိုတရားဝင်ငွေ အဖြစ်မှရုပ်စဲခြင်း

၃။ နိုင်ငံတော်အတွင်းတွင် လှည့်လည်သုံးစွဲလျက်ရှိသော ငွေစက္ကူကျပ်၁၀၀(ကျပ်တစ်ရာတန်)၊ ကျပ် ၅၀( ကျပ်ငါးဆယ်တန်)နှင့်ကျပ်၂၀(ကျပ်နှစ်ဆယ်တန်) တို့ကို ၁၃၄၇ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ရက် (၁၉၈၅ ခုနှစ်၊ နိုဝင်ဘာလ၃ရက်) မွန်းလွဲတစ်နာရီအချိန်မှစ၍တရားဝင်သုံးစွဲခြင်းမှရုပ်စဲလိုက် သည်။

၄။ ပုဒ်မ ၃ တွင်ဖော်ပြထားသောငွေစက္ကူများကို လက်ဝယ်ရှိသူသည် ၁၉၈၅ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက် တနင်္လာနေ့မှစ၍ နိုဝင်ဘာလ ၁၅ ရက် သောကြာနေ့အထိနှင့် နိုဝင်ဘာလ ၁၈ ရက် တနင်္လာနေ့မှ စ၍ နိုဝင်ဘာလ ၃၀ ရက် စနေနေ့အထိ မိမိနေထိုင်ရာ မြို့နယ်ရှိဘဏ်တွင် သတ်မှတ်ထားသော ပုံစံဖြင့်လာ ရောက်အပ်နှံရမည်။



Myanmar Law Information System (MLIS)

<ပြင်ဆင် 15.11.1985>

၅။ မိမိနေထိုင်ရာမြို့နယ်တွင်ဘဏ်မရှိလျှင်နီးစပ်ရာမြို့နယ်ဘဏ်ခွဲတွင်အပ်နှံရမည်။

၆။ ပုဒ်မ ၄ အရဖြစ်စေ၊ ပုဒ်မ ၅အရဖြစ်စေ ငွေစက္ကူများကိုလာရောက်အပ်နှံရာတွင် အိမ်ထောင်စုတစ်ခု သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်အတွက် တစ်ဦးသာလျှင် တစ်ကြိမ်တည်းနှင့် အပြီးအပ်နှံရမည်။

၇။ အိမ်ထောင်စုတစ်ခုသို့မဟုတ် အဖွဲ့အစည်းတစ်ရပ်အတွက် တစ်ကြိမ်ထက်ပို၍ အပ်နှံလျှင် အနည်းဆုံး အပ်နှံသည့်ငွေကိုသာအသိအမှတ်ပြုရမည်။ကျန်အပ်နှံငွေများကို နိုင်ငံတော်ပိုင်အဖြစ် သိမ်းယူခြင်းခံရ မည်။

၈။ အိမ်ထောင်စုတစ်ခုသို့မဟုတ် အဖွဲ့အစည်းတစ်ရပ်အတွက်တစ်ဦးထက်ပို၍ ငွေစက္ကူလာရောက်အပ်နှံ လျှင်အနည်းဆုံးအပ်နှံသည့်ငွေကိုသာအသိအမှတ်ပြုရမည်။ ကျန်အပ်နှံငွေများကို နိုင်ငံတော်ပိုင်အဖြစ် သိမ်းယူခြင်းခံရမည်။

၉။ ပုဒ်မ ၄ အရ ဖြစ်စေ၊ ပုဒ်မ ၅ အရဖြစ်စေ အပ်နှံသောငွေစက္ကူ စုစုပေါင်းတန်ဘိုး၏ နှစ်ဆယ့် ငါးရာခိုင်နှုန်းကို တရားဝင်ငွေဖြင့် ချက်ချင်းလဲလှယ်ပေးရမည်။ပုဒ်မ ၉ ပါ ပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးအဖွဲ့ သည် အောက်ပါအဖွဲ့အစည်းများအတွက် ခြွင်းချက်များကို သတ်မှတ်နိုင်သည်-

(က) သံတမန်အဖွဲ့အစည်းများ

(ခ) ကုလသမဂ္ဂဆိုင်ရာ အဖွဲ့အစည်းများ။

<ပြင်ဆင် 15.11.1985, 29.11.1985>

၁၀။ ပယ်ဖျက်

<ပြင်ဆင် 15.11.1985>

၁၁။ ပုဒ်မ ၉ အရ လဲလှယ်ပေးပြီးနောက် ကျန်ငွေသည်အောက်ပါတို့နှင့် ညီညွတ်ပါကတရားဝင်ငွေ များဖြင့်လဲလှယ်ပေးရမည်-

(က) ပုဒ်မ ၄ အရဖြစ်စေ၊ ပုဒ်မ ၅ အရဖြစ်စေ အပ်နှံထားသောငွေများကို တရားဝင်လက်ဝယ်ရရှိ ထားကြောင်း ခိုင်လုံသောအထောက်အထားတင်ပြနိုင်ခြင်း၊

(ခ) ပုဒ်မ ၄ အရဖြစ်စေ၊ ပုဒ်မ ၅ အရဖြစ်စေ အပ်နှံထားသောငွေများအတွက် သက်ဆိုင်ရာ ဥပဒေများအရ၊ ကျသင့်သော အခွန်အခများပေးဆောင်ပြီးဖြစ်ခြင်း။

<ပြင်ဆင် 15.11.1985>

## အခန်း(၃)

## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၁၂။ သက်ဆိုင်သူသည်ပုဒ်မ ၉ အရ လဲလှယ်ပေးပြီးနောက် ကျန်ငွေများနှင့်စပ်လျဉ်း၍-

(က) ပုဒ်မ၄အရ ဖြစ်စေ၊ ပုဒ်မ ၅ အရဖြစ်စေ အပ်နှံထားသောငွေသည်တရားဝင်လက်ဝယ်ရရှိထား ကြောင်း ခိုင်လုံသောအထောက်အထားတင်ပြနိုင်သော်လည်းကျသင့်သောအခွန်အခများ ပေးဆောင်ခြင်း မရှိသေး

ကျပ်တစ်ရာတန်ငွေစက္ကူ၊ ကျပ်ငါးဆယ်တန်ငွေစက္ကူနှင့်ကျပ်နှစ်ဆယ်တန်ငွေစက္ကူများကိုတရားဝင်ငွေအဖြစ်မှ ရုပ်စဲသည့်ဥပဒေ

လျှင်ထိုအခွန်အခနှင့်သတ်မှတ်ထားသောဒဏ်ကြေးကိုထိုငွေမှခုနှိမ်၍ ကျန်ငွေကိုလဲလှယ်ပေး ရမည်။ သို့သော်လည်း ကျန်ငွေသည်ပေးရန်ရှိသောအခွန်အခနှင့် သတ်မှတ်ထားသော ဒဏ်ကြေးများ အတွက်ခုနှိမ်ရန်မလုံလောက်ပါက ထပ်မံပေးသွင်းရမည်၊

(ခ) ပုဒ်မ ၄ အရ ဖြစ်စေ၊ ပုဒ်မ၅အရဖြစ်စေ အပ်နှံထားသောငွေသည် တရားဝင်လက်ဝယ်ရရှိထား ကြောင်းခိုင်လုံသော အထောက်အထားတင်ပြနိုင်ခြင်းမရှိပါက ထိုကျန်သောငွေကိုနိုင်ငံတော်ပိုင်အဖြစ် သိမ်းယူခြင်းခံရမည်။

<ပြင်ဆင် 29.11.1985>

၁၃။ မည်သူမဆို ပုဒ်မ ၄ အရဖြစ်စေ၊ ပုဒ်မ ၅ အရဖြစ်စေ အပ်နှံရန်မဟုတ်ဘဲ တရားမဝင်သော ငွေစက္ကူ များကိုသယ်ဆောင်ကြောင်းတွေ့ရှိရပါကထိုငွေစက္ကူများကိုနိုင်ငံတော်ပိုင်အဖြစ်သိမ်းယူခြင်းခံရမည်။

၁၄။ ကျပ်တစ်ရာတန်ငွေစက္ကူ၊ သို့မဟုတ် ကျပ်ငါးဆယ်တန်ငွေစက္ကူသို့မဟုတ် ကျပ်နှစ်ဆယ် တန်ငွေစက္ကူကို ပြန်လည်အပ်နှံရာ၌ မရိုးမဖြောင့်သောသဘောဖြင့် မိမိပိုင်ဖြစ်သည်ဟု ဖော်ပြ၍ လဲလှယ် သွားကြောင်း၊ သို့မဟုတ် လဲလှယ်ရန်စေခိုင်းကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် လဲလှယ်သည့် ငွေကို ပြန်လည်ပေးသွင်းရမည်။ ပေးသွင်းရန်ပျက်ကွက်ပါက ထိုသူအားအနည်းဆုံး ထောင်ဒဏ် ခြောက်လမှ အများဆုံးထောင်ဒဏ် သုံးနှစ်အထိ ကျခံစေရမည်။ ထို့အပြင်လဲလှယ်သွားသော ငွေကို လည်း ဒဏ်ကြေးအဖြစ်ပေးသွင်းစေရမည်။ ပေးသွင်းရန်ပျက်ကွက်ပါက မြေခွန်မပြေ ကျန်ငွေ ဖြစ်ဘိ သကဲ့သို့ ကောက်ခံရမည်။

<ပြင်ဆင် 15.11.1985>

၁၅။ ပုဒ်မ ၇ အရ ဖြစ်စေ၊ ပုဒ်မ ၈ အရဖြစ်စေ အသိအမှတ်ပြုသည့်အနည်းဆုံးအပ်နှံသောငွေထက် ပို၍ထုတ်ယူသွားကြောင်းစစ်ဆေးတွေ့ရှိလျှင်ယင်းပို၍ထုတ်ယူသောငွေကို ပြန်လည်ပေးသွင်းရမည်။ ပေးသွင်းရန်ပျက်ကွက်ပါက ထိုသူအားအနည်းဆုံးထောင်ဒဏ်တစ်နှစ်မှ အများဆုံးထောင်ဒဏ်ငါးနှစ် အထိ ကျခံစေရမည်။ ထို့အပြင် ပို၍ထုတ်ယူသွားသော ငွေကိုလည်း ဒဏ်ကြေးအဖြစ်ပေးသွင်းစေ ရမည်။ ပေးသွင်းရန် ပျက်ကွက်ပါက မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ ကောက်ခံရမည်။

<ပြင်ဆင် 29.11.1985>

၁၆။ မည်သူမဆို ၁၉၈၅ခုနှစ်၊ နိုဝင်ဘာလ ၃ ရက် နေ့မွန်းလွဲတစ်နာရီအချိန်မှ စ၍ ပုဒ်မ ၂ ပုဒ်မခွဲ(က)ပါ အဖွဲ့အစည်းများပိုင်ငွေကိုတရားဝင်ငွေအဖြစ်မှရုပ်စဲသည့်ငွေစက္ကူများနှင့်လဲလှယ်ခြင်းပြုကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် ထိုလဲလှယ်သောငွေကို နိုင်ငံပိုင်အဖြစ် သိမ်းယူမည့်အပြင် ထိုသူအား ထောင်ဒဏ်အနည်းဆုံးတစ်နှစ်မှအများဆုံးထောင်ဒဏ်ငါးနှစ်အထိကျခံစေရမည်။

**အခန်း(၄)**

**အထွေထွေ**

၁၇။ ဤဥပဒေပါပြဋ္ဌာန်းချက်များကိုဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနသည်-

(က) လိုအပ်သော လုပ်ထုံးလုပ်နည်းများကိုဝန်ကြီးအဖွဲ့၏သဘောတူညီချက်ဖြင့်ထုတ်ပြန်နိုင်သည်၊



Myanmar Law Information System (MLIS)

(ခ) လိုအပ်သော အမိန့်၊ ညွှန်ကြားချက်များကိုထုတ်ပြန်နိုင်သည်။

(ပုံ)စန်းယု
ဥက္ကဋ္ဌ၊
နိုင်ငံတော်ကောင်စီ၊
ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၄၇ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော်၉ရက်။
(၁၉၈၅ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်)

အမိန့်အရ၊
(ပုံ) ဗိုလ်မှူးကြီးတင်လှိုင်
ညွှန်ကြားရေးမှူးချုပ်၊
နိုင်ငံတော်ကောင်စီရုံး၊
ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်။

Myanmar Law Information System (MLIS)